Form (2)

77-b

15.1.2017

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1229/2017 Date 15th January 2017

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. BAE HIO MAN

(b) Citizenship KOREAN

(c) Address NO. 203, DONG 1501 HO (OLPMPIC FAMILY TOWN APARTMENT), JUNG DAERO 24 SONGPAGU, SEOUL , REPUBLIC OF KOREA

(d) Name and Address of Principal Organization PUNGKOOK CORPORATION, (SANGDAEWON-DONG) 3RD FLOOR, 53 DUNCHON-DAERO 457 BEON-GIL, JUNGWON-GU, SEONGNAM-CITY, GYEONGGI-DO, REPUBLIC OF KOREA

(e) Place of incorporation REPUBLIC OF KOREA

(f) Type of investment business MANUFACTURING OF ALL KINDS OF BAG ON CMP BASIS

(g) Place(s) at which investment is permitted HOLDING NO. 47+ 23+ 14/2+48, KWIN NO. 620 KA, WEST OF MEKHONE KWIN, MEKHONE VILLAGE TRACT, BAGO TOWNSHIP, BAGO REGION

(h) Amount of Foreign Capital US$ 10.20 MILLION

(i) Period for foreign capital brought in WITHIN TWO YEARS FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 10.20 MILLION

(k) Construction period 2 (TWO) YEARS

(l) Validity of investment permit 30 YEARS

(m) Form of investment WHOLLY FOREIGN OWNED

(n) Name of Company incorporated in Myanmar PUNGKOOK MYANMAR LIMITED

15-1-17

Chairman

The Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၂၂၉/၂၀၁၇ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် MR. BAE HIO MAN

(ခ) နိုင်ငံသား KOREAN

(ဂ) နေရပ်လိပ်စာ NO. 203, DONG 1501 HO (OLPMPIC FAMILY TOWN APARTMENT) JUNG DAERO 24 SONGPAGU, SEOUL, REPUBLIC OF KOREA

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ PUNGKOOK CORPORATION, (SANGDAEWON-DONG) 3RD FLOOR, 53 DUNCHON- DAERO 457 BEON-GIL, JUNGWON-GU, SEONGNAM-CITY, GYEONGGI-DO, REPUBLIC OF KOREA

(င) ဖွဲ့စည်းရာအရပ် REPUBLIC OF KOREA

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ဦးပိုင်အမှတ်- ၄၇+၂၃+၁၄/၂+၄၈၊ ကွင်းအမှတ်- ၆၂၀ က၊ မဲခုန်အနောက်ကွင်း၊ မဲခုန်ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူး တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁၀.၂၀ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ခွင့်ပြုမိန့် ရရှိသည့်နေ့မှ (၂) နှစ်အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၁၀.၂၀ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၂ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၃၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် PUNGKOOK MYANMAR LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၇၇-၆
15-1-2017

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.(1), Thitsar Road, Yankin Township, Yangon

Tel: 95-1-658128 Our ref: MIC-3/FI-1389/2017(၇၇-၆)
Fax: 95-1-658141 Date : 15 January 2017

Subject: Decision of the Myanmar Investment Commission on the Proposal for "Manufacturing of all kinds of Bag on CMP Basis" under the name of "Pungkook Myanmar Limited".

Reference: Pungkook Myanmar Limited's letter dated (6.9.2016)

1. The Myanmar Investment Commission, at its meeting (1/2017) held on (6-1-2017), had approved that the proposal for investment in "Manufacturing of all kinds of Bag on CMP Basis" under the name of "Pungkook Myanmar Limited" submitted by Pungkook Corporation (99.99 %) and Mr. Lee Sung Joon (0.01%) from Republic of Korea as a wholly foreign owned investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be initial 30 (thirty) years and extendable 10 (ten) years in 2 (two) times commencing from the date of the issuance of Myanmar Investment Commission's permit. The term of the Lease Agreement for land shall be initial 30 (thirty) years commencing from the date of signing of the Lease Agreement between Daw Kyu May Lwin, Daw Myo Lu Lu Kyaw (Lessors) and Pungkook Myanmar Limited (Lessee) and extendable for 10 (ten) years in 2 (two) times with the consent of the Lessor. On the expiry of the lease period, Pungkook Myanmar Limited shall transfer the leased land and building in good condition within 30 days on the expiration of the lease.

4. The annual rent for the land shall be Kyat 42,600,000 (Kyat forty-two million, six hundred thousand only) calculated at the rate of Kyat 569 per square metre per year of the total area of the land measuring 74,826.44 square metres (18.49 acre). The rate of rent shall be reviewed and revised in

view of prevailing land lease rates after every 5 (five) years and increase of the rent shall not be more than 15 % of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Pungkook Myanmar Limited shall have to sign the Lease Agreement for Land with Daw Kyu May Lwin and Daw Myo Lu Lu Kyaw. After signing the Agreement, (5) copies shall have to be forwarded to the Commission.

7. Pungkook Myanmar Limited in consultation with the Company Division, Directorate of Investment and Company Administration shall have to be registered. After registration, each of (5) copies of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Pungkook Myanmar Limited shall use its best efforts for timely realization of work stated on the proposal. If none of such work has been commenced within one year from the date of issue of this “Permit”, it shall become null and void.

9. Pungkook Myanmar Limited has to abide by Chapter X, Rules 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if the Pungkook Myanmar Limited cannot construct completely in time the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The investor or promoter shall apply the commencement date of commercial operation with Form (11) for their manufacturing business and report to the Commission in accordance with Foreign Investment Rule 97.

13. Pungkook Myanmar Limited shall endeavour to meet the targets for production and export stated on the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of Foreign Investment Law and Pungkook Myanmar Limited has to follow the existing Labour Laws for the recruitment of staffs and labours in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency.

16. Pungkook Myanmar Limited brings in foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection

Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Pungkook Myanmar Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Pungkook Myanmar Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Pungkook Myanmar Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of National Resources and Environmental Conservation in which to conduct Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare, submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

20. After getting permit from Myanmar Investment Commission, Pungkook Myanmar Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. Pungkook Myanmar Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to be undertaken such as water storage tank, fire hooks, sand bags, fire extinguishers and provide training to use the fire fighting equipment and also to be appointed the fire safety officer.

22. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made out of export earning (CMP charges) of Pungkook Myanmar Limited.

23. Pungkook Myanmar Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rules 79 and 80 of Foreign Investment Rules.

15-1-17

(Kyaw Win)
Chairman

Pungkook Myanmar Limited

cc: 1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Natural Resources and Environmental Conservation
4. Ministry of Labour, Immigration and Population
5. Ministry of Industry
6. Ministry of Commerce
7. Ministry of Planning and Finance
8. Chairman, CMP Enterprises Supervision Committee
9. Office of the Bago Region Government
10. Director General, Department of Environmental Conservation
11. Director General, Directorate of Labour
12. Director General, Department of Immigration
13. Director General, Directorate of Industrial Supervision and Inspection
14. Director General, Department of Trade
15. Director General, Directorate of Investment and Company Administration
16. Director General, National Archives Department
17. Director General, Customs Department
18. Director General, Internal Revenue Department

ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pungkook Myanmar Limited ၏ ကော်မရှင်အစည်းအဝေးသို့ တင်ပြရန်ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၆-၉-၂၀၁၆		
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း**			
	(က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (ပထမအကြိမ်)	၂၇-၉-၂၀၁၆		
	ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(ဒုတိယအကြိမ်)	၁၇-၁၀-၂၀၁၆		
	ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (တတိယအကြိမ်)	၃-၁၁-၂၀၁၆		
	ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (စတုတ္ထအကြိမ်)	၇-၁၂-၂၀၁၆	၁၇-၁၂-၂၀၁၆	
	(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန	၂၆-၉-၂၀၁၆	၇-၁၀-၂၀၁၆	
	(ဂ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ပထမအကြိမ်)	၂၇-၉-၂၀၁၆		
	မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ဒုတိယအကြိမ်)	၃-၁၁-၂၀၁၆	၁၉-၁၁-၂၀၁၆	
	(ဃ) CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ	၂၇-၉-၂၀၁၆	၆-၁၀-၂၀၁၆	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး (၃၄/၂၀၁၆) သို့ တင်ပြခြင်း	၁၂-၉-၂၀၁၆		
၄	အဆိုပြုလွှာ လက်ခံကြောင်းစာ ပေးပို့ခြင်း	၁၄-၉-၂၀၁၆		
၅	**ပုဂ္ဂလိကမြေငှားရမ်းခြင်းကိစ္စ**			
	ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး ၁၆/၂၀၁၆ သို့ တင်ပြခြင်း	၂၅-၁၁-၂၀၁၆		
၆	အဆိုပြုလွှာ ပြန်လည်ပေးပို့ခြင်း	၃၀-၁၁-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက်	**၈၅ ရက်**		
၇	ကုမ္ပဏီမှ လိုအပ်ချက်များ ပြင်ဆင်၍ အဆိုပြုလွှာ ပြန်လည် တင်ပြခြင်း	၂၃-၁၂-၂၀၁၆		
၈	အဆိုပြုလွှာ အစုံ (၁၀) စုံ ပေးပို့ခြင်း		၂၆-၁၂-၂၀၁၆	
	စုစုပေါင်းကြာမြင့်ရက်	**၁၁၁ ရက်**		

မှတ်ချက်။ ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သဘောထားမှတ်ချက်အား ၁၇-၁၂-၂၀၁၆ ရက်နေ့မှသာ ပြန်ကြားလာပါသဖြင့် ၁၁၁ ရက် ကြာမြင့်ရခြင်းဖြစ်ပါသည်။

ကုမ္ပဏီအမည်	-	Pungkook Myanmar Limited
အဖွဲ့အစည်းပုံသဏ္ဍာန်	-	ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ	-	ဦးပိုင်အမှတ် - ၄၇+၂၃+၁၄/၂+၄၈ ၊ ကွင်းအမှတ်- ၆၂၀(က)၊ မဲခုန်အနောက်ကွင်း၊ မဲခုန်ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	အမေရိကန်ဒေါ်လာ ၁၀.၂၀ သန်း
ရောင်းချမည့်စနစ်	-	၁၀၀ % ပြည်ပသို့တင်ပို့ခြင်း
လုပ်ငန်းသက်တမ်း	-	ကနဦး ၃၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်)
အရင်းကြေကာလ	-	၅ နှစ် ၆ လ
IRR	-	၁၈.၂၃ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြအပ်ပါသည်-

စဥ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံဝန်ထမ်း၏လစာ	ကျပ် ၂.၁၆၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၀.၆၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၃၆၆.၀၀၀ သန်း	
၄	ကုန်သွယ်လုပ်ငန်းခွန်	-	-
၅	ဝင်ငွေခွန်	ကျပ် ၁,၁၅၁.၆၂၄ သန်း	ကျပ် ၁,၄၅၇.၅၅၀ သန်း
၆	ရေ/လောင်စာဆီ/လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၄,၀၅၃.၁၂၆ သန်း
၇	CSR ၂ %		ကျပ် ၁၉၀.၂၀၉ သန်း
၈	မြေငှားရမ်းခရငွေ		ကျပ် ၃၈၃.၄၀၀ သန်း
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၃၄၅၃ ဦး ပြည်ပ ၃၀ ဦး ပြည်တွင်းလုပ်သား (၃၄၅၃) ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေပြီးဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။
		ကျပ် ၁,၅၁၉.၇၈၄ သန်း	**ကျပ် ၆,၀၈၄.၉၅ သန်း**
		၁ :	၄

ကန့်သတ်

အကြောင်းအရာ။ **ရခိုင်နှန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pungkook Myanmar Limited တည်ထောင်ကာ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/ကမကထပြုသူ	- Pungkook Myanmar Limited
		- Mr. Bae Hio Man (ကိုရီးယား)
	အဖွဲ့အစည်းပုံသဏ္ဌာန်	ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
		- Pungkook Corporation (ကိုရီးယား) ၉၉.၉၉ %
		- Mr. Lee Sung Joon (ကိုရီးယား) ၀.၀၁ %
	လုပ်ငန်းအမျိုးအစား	- CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- ဦးပိုင်အမှတ် - ၄၇+၂၃+၁၄/၂+၄၈ ၊ ကွင်းအမှတ်- ၆၂၀(က)၊ မဲခုန်အနောက်ကွင်း၊ မဲခုန်ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
	မြေဧရိယာ	- ၁၈.၄၉ ဧက (၇၄,၈၂၆.၄၄ စတုရန်းမီတာ)
	အဆောက်အဦအကျယ်အဝန်း	- ၇၇ မီတာ x ၉၅ မီတာ အကျယ်ရှိသော ၂ ထပ်အဆောက်အဦ ၁လုံး ဆောက်လုပ်မည်ဖြစ်ပါသည်။
	မြေပိုင်ရှင်	- ဒေါ်ကြူမေလွင်၊ ဒေါ်မျိုးလုလုကျော်
၃။	နှစ်စဉ်မြေ ငှားရမ်းခ	- ကျပ် ၄၂,၆၀၀,၀၀၀ (တစ်နှစ်တစ်စတုရန်းမီတာလျှင် ကျပ် ၅၆၉ နှုန်း)
	မြေငှားသက်တမ်း	- ကနဦး ၃၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်)
၄။	လုပ်ငန်းသက်တမ်း	- ကနဦး ၃၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်)
	တည်ဆောက်ရေးကာလ	- ၂ နှစ်
၅။	စုစုပေါင်းမတည်ငွေရင်း	- အမေရိကန်ဒေါ်လာ ၁၀.၂၀ သန်း
	ထည့်ဝင်သည့် အမျိုးအစား	**US$ (သန်း)**
	ငွေသား	၀.၈၉
	စက်နှင့်စက်ပစ္စည်း (ပြည်ပ)	၅.၇၈
	ရုံးသုံးပစ္စည်း(ပြည်တွင်း/ ပြည်ပ)	၀.၅၈
	မော်တော်ယာဉ်(ပြည်ပ)	၀.၀၆
	အဆောက်အဦတည်ဆောက်မှု	၂.၈၉
	စုစုပေါင်း	**၁၀.၂၀**
၆။	ဝန်ထမ်းအင်အား	- **၃၄၈၃ ဦး**
	ပြည်တွင်း	၃၄၅၃ဦး (ပြည်တွင်းအနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏လစာမှာ ကျပ် ၁၁၀,၀၀၀၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏လစာမှာ ကျပ် ၆၀၀,၀၀၀)
	ပြည်ပ	၃၀ ဦး (ပြည်ပအနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၃၀၀ ၊ အမြင့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာမှာ US$ ၂,၃၀၀)
၇။	ရောင်းချမည့် နည်းစနစ်	- ၁၀၀ % ပြည်ပသို့တင်ပို့ခြင်း

ကန့်သတ်

၈။	၆နှစ်မြောက်တွင် ကုမ္ပဏီ၏	
	ဝင်ငွေ	- အမေရိကန်ဒေါ်လာ ၈.၇၆ သန်း
	အသုံးစရိတ်	- အမေရိကန်ဒေါ်လာ ၇.၅၅ သန်း
	အသားတင်အမြတ်	- အမေရိကန်ဒေါ်လာ ၁.၂၁ သန်း
၉။	နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ် (ဆဌမနှစ်)	
	ဝင်ငွေခွန်	- အမေရိကန်ဒေါ်လာ ၀.၄၀ သန်း
	အရင်းကြေကာလ	- ၅ နှစ် ၆ လ
၁၀။	အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၁၈.၂၃ %
		- ၁ US$ = ၁,၂၀၀ ကျပ် နှုန်းဖြင့် တွက်ချက်ထားပါသည်။
၁၁။	နှစ်စဉ်လျှပ်စစ်ဓါတ်အား သုံးစွဲမှု	- ၁,၂၀၀,၀၀၀ kWh
၁၂။	၆ နှစ်မြောက် ထုတ်လုပ်မှုနှင့် CMP လက်ခနှုန်း	ထုတ်လုပ်မှု (pcs) / CMP လက်ခနှုန်း (US$/pcs)
	Outdoor	၈၂၇,၂၀၀ / ၂.၁၅
	Sport	၇၅၆,၃၀၀ / ၂.၂၃
	Luggage	၁၆၅,၄၀၀ / ၆.၂၅
	Handbag	၃၇၉,၉၀၀ / ၅.၆၃
	Wallet	၉၄၅,၄၀၀ / ၂.၂၅
၁၃။	CSR	- လူမှုဘဝ သာယာဝပြောရေး တာဝန်ယူမှု(Corporate Social Responsibility) အတွက် အသားတင်အမြတ်ငွေ၏ ၂ % ကို အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၄။	မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်	- မီးဘေးကာကွယ်ရေးစီမံချက် ရေးဆွဲတင်ပြထားပါသည်။
၁၅။	အခြား	- Pungkook Myanmar Limited ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (ယာယီ) ၃၁၃ အက်ဖ်စီ/ ၂၀၁၆-၂၀၁၇ (၂၀-၇-၂၀၁၆) ၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများအား တင်ပြထားပါသည်။ - Pungkook Corporation ၏ ကုမ္ပဏီအထောက်အထားအဖြစ် ကိုရီးယားနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၂၀၂-၈၁-၀၁၉၃၉ (၁၂-၆-၁၉၅၄) ရက်စွဲဖြင့် ကုမ္ပဏီမှတ်ပုံတင်ထားသည့် အထောက်အထားနှင့် ငွေရေးကြေးရေးအထောက်အထားအဖြစ် ကိုရီးယားနိုင်ငံရှိ Teheranro Business Finance Center of City Bank Korea တွင် ၁၅-၆-၂၀၁၆ ရက်စွဲဖြင့် US$ ၂၉၃၁၃၈၆.၆၃ ရှိကြောင်း တင်ပြထားပါသည်။ - Mr. Lee Sung Joon ၏ ငွေရေးကြေးရေးအထောက်အထားအဖြစ် ကိုရီးယားနိုင်ငံ Teheranro Corporate Finance Center of City

			Bank Kores ၌ ၁၀-၃-၂၀၁၆ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၄၃၄,၄၀၂.၀၅ ရှိကြောင်း အထောက်အထား တင်ပြထားပါသည်။ - ကုန်ကြမ်းများအား ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်သွင်းမည်ဖြစ်ပြီး ထွက်ရှိလာသော ကုန်ချောများကို အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများသို့ ပြန်ပို့မည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက- ၃/န- ၁၃၈၉/၂၀၁၆(၁၇၁၃)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pungkook Myanmar Limited တည်ထောင်ကာ CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ**

၁။ ကိုရီးယားသမ္မတနိုင်ငံ Pungkook Corporation မှ ၉၉.၉၉ % နှင့် Mr. Lee Sung Joon မှ ၀.၀၁ % ထည့်ဝင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pungkook Myanmar Limited တည်ထောင်ကာ ဦးပိုင်အမှတ် - ၄၇+၂၃+၁၄/၂+၄၈ ၊ ကွင်းအမှတ်- ၆၂၀ (က)၊ မဲခုန်အနောက်ကွင်း၊ မဲခုန်ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ မြေဧရိယာ ၁၈.၄၉ ဧက (၇၄,၈၂၆.၄၄ စတုရန်းမီတာ)အား ငှားရမ်း၍ CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဒေါ်ကြူမေလွင်၊ ဒေါ်မျိုးလုလုကျော် နှင့် Pungkook Myanmar Limited တို့အကြား ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း)၊ Pungkook Corporation နှင့် Pungkook Myanmar Limited တို့အကြား ချုပ်ဆိုထားသည့် Memorandum of Agreement၊ မြေဆိုင်ရာအထောက်အထားများနှင့် လုပ်ငန်းတည်နေရာ ပြမြေပုံများ၊ အဆောက်အဦ Layout Plan ၊ Pungkook Myanmar Limited ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (ယာယီ) ၃၁၃ အက်ဖ်စီ/ ၂၀၁၆-၂၀၁၇ (၂၀-၇-၂၀၁၆) ၊ သင်းဖွဲ့မှတ်တမ်း နှင့် သင်းဖွဲ့စည်းမျဉ်းတို့ကို ပူးတွဲ တင်ပြထားပါသည်။

၃။ မြေငှားသက်တမ်းမှာ ကနဦး ၃၀ နှစ် နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် မြေမှာ စုစုပေါင်း မြေဧရိယာ ၁၈.၄၉ ဧက (၇၄,၈၂၆.၄၄ စတုရန်းမီတာ)ဖြစ်ပြီး ၎င်းတွင် ၇၇ မီတာ x ၉၅ မီတာ အကျယ်ရှိသော ၂ ထပ်အဆောက်အဦ ၁လုံး ဆောက်လုပ်မည်ဖြစ်ပါသည်။ နှစ်စဉ်မြေငှားရမ်းခမှာ ကျပ် ၄၂,၆၀၀,၀၀၀ ဖြစ်ပါသည်။ တစ်နှစ် တစ်စတုရန်းမီတာလျှင် ကျပ် ၅၆၉ နှုန်း ဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၃၀ နှစ် နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ် ဖြစ်ပါသည်။ တည်ဆောက်မှုကာလမှာ ၂ နှစ် ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀.၂၀ သန်း ဖြစ်ပါသည်။ အဆိုပြုလုပ်ငန်းမှ ထည့်ဝင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

	US$(သန်း)
	နိုင်ငံခြား
ငွေသား	၁.၈၉
စက်နှင့်စက်ပစ္စည်း (ပြည်ပ)	၅.၇၈
ပရိဘောဂ (ပြည်တွင်း/ ပြည်ပ)	၀.၅၈
မော်တော်ယာဉ်(ပြည်ပ)	၀.၀၆
အဆောက်အဦတည်ဆောက်မှု	၂.၈၉
စုစုပေါင်း	**၁၀.၂၀**

၆။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း (၃၄၅၃) ဦးနှင့် ပြည်ပမှ ဝန်ထမ်း (၃၀) ဦး စုစုပေါင်း (၃၄၈၃) ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၁၁၀,၀၀၀ ဖြစ်ပြီး၊ အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၆၀၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပမှ အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၃၀၀ ဖြစ်ပြီး၊ အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၂,၃၀၀ ဖြစ်ပါသည်။

၇။ လုပ်ငန်းမှ ထွက်ရှိသော အိတ်များကို ပြည်ပသို့ ၁၀၀% တင်ပို့မည်ဖြစ်ပါသည်။ ပုံမှန်နှစ် (၆နှစ်မြောက်)၏ ထုတ်လုပ်မှု အရေအတွက် နှင့် CMP လက်ခနှုန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

အမျိုးအမည်	**ထုတ်လုပ်မှု (pcs)**	**CMP လက်ခနှုန်း (US$/ pcs)**
Outdoor	၈၂၇,၂၀၀	၂.၁၅
Sport	၇၅၆,၃၀၀	၂.၂၃
Luggage	၁၆၅,၄၀၀	၆.၂၅
Handbag	၃၇၉,၉၀၀	၅.၆၃
Wallet	၉၄၅,၄၀၀	၂.၂၅

၈။ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆နှစ်မြောက်)တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

		US$ (သန်း)
(က)	ဝင်ငွေ	၈.၇၆
(ခ)	အသုံးစရိတ်	၇.၅၅
(ဂ)	အသားတင်အမြတ်	၁.၂၁

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၄၀ သန်း ရရှိမည် ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၅ နှစ် ၆ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း IRR မှာ ၁၈.၂၃ % ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁,၂၀၀ ကျပ်နှုန်းဖြင့် တွက်ချက် ဖော်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထား မှတ်ချက်ပြန်ကြားထားပါသည် -

(က) **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**မှ အဆိုပြုမြေနေရာသည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ (၂၀-၈-၂၀၁၅) ရက်စွဲပါစာအမှတ်၊၆/၃-၂/ဦး ၆ အရ အထွေထွေ စက်မှုလုပ်ငန်းမြေအဖြစ် ခွင့်ပြုထားသည့် မြေနေရာဖြစ်ခြင်းကြောင့် လုပ်ငန်း ဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ (က)**

(ခ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**မှ အဆိုပြု လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်များ အတိုင်းလိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည် -

(၁) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Social Respon-sibility-CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်း အပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော်ဆောင် ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ် စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင် ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmen-**

tal Management Plan-EMP)** အား ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။ **ကုမ္ပဏီမှ သဘောထားမှတ်ချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိ တင်ပြထားပါသည်။ နောက်ဆက်တွဲ (ခ)**

(ဂ) **CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ** မှ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု ကိုက်ညီမှုရှိပါကြောင်း၊ CMP လက်ခနှုန်းထားများ သင့်လျော်မှုရှိပါကြောင်း၊ စက်အင်အားနှင့် လူအင်အား အချိုးအစားညီမျှမှုရှိပါကြောင်း၊ အဆိုပြုလုပ်ငန်းလုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဂ)**

(ဃ) **မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ** အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ ယခုတင်ပြသောစီမံကိန်းစိစစ်ရာတွင် တင်ပြသောပုံစံ၊ ဒီဇိုင်းများသည် အမှန်တကယ်အသေးစိတ်တည်ဆောက်မည့် ပုံစံ၊ ဒီဇိုင်းများနှင့် ကွဲလွဲမှုရှိမည်ဆိုပါက ယခုတွက်ချက်ထားသောပစ္စည်းအရေအတွက်များမှာ အမှန်တကယ်သုံးစွဲမည့် အရေအတွက်နှင့် ကွာခြားနိုင်ပါကြောင်း၊ သို့အတွက် လိုအပ်ပါက Detail Drawings မှ တွက်ချက်ထားသော Detail Estimate ရရှိပြီးသည့်အခါတွင် ပြန်လည်စိစစ်မှုများဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာမီးသတ်ဦးစီးဌာနမှ ချမှတ်ထားသောလမ်းညွှန်ချက်များအတိုင်းလိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဃ)**

၁၁။ Pungkook Myanmar Limited ၏ ငွေရေးကြေးရေး အထောက်အထားအဖြစ် Pungkook Corporation သည် ကိုရီးယားသမ္မတနိုင်ငံရှိ Teheranro Business Finance Center of City Bank Korea တွင် ၁၅-၆-၂၀၁၆ ရက်စွဲဖြင့် US$ ၂၉၃၁၃၈၆.၆၃ ရှိကြောင်းနှင့် ကုမ္ပဏီအထောက်အထားအဖြစ် ကိုရီးယားသမ္မတနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင် အမှတ်-၂၀၂-၈၁-၀၁၉၃၉ (၁၂-၆-၁၉၅၄) ရက်စွဲဖြင့် ကုမ္ပဏီမှတ်ပုံတင်ထားသည့် အထောက်အထား၊ Mr. Lee Sung Joon သည် Teheranro Corporate Finance Center of City Bank Kores ၌ ၁၀-၃-၂၀၁၆ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၄၃၄,၄၀၂.၀၅ ရှိကြောင်း အထောက်အထားတို့ကို တင်ပြထားပါသည်။

၁၂။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်** အဆိုပြုလုပ်ငန်းမှ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြေအောက်ရေလှောင်ကန်တည်ဆောက်မည်ဖြစ်ပြီး ရေပိုက်၊ ရေပုံး၊ မီးကပ်၊ သဲအိတ်၊ မီးသတ်ဘူးများကို အဆင်သင့်ထားရှိမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများကိုလည်း မီးဘေးအရေးပေါ်ကာကွယ်နိုင်ရန် မီးသတ်နည်းပညာများ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါကြောင်း၊ ဆေးလိပ်

သောက်ခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်သည့် အန္တရာယ်များ မဖြစ်ပေါ်အောင်လည်း ဆောင်ရွက်ထားရှိမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၃။ Pungkook Myanmar Limited မှ နှစ်စဉ် အသားတင် အမြတ်ငွေ၏ ၂ % ကို Corporate Social Responsibility အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ ထို့အပြင် ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်နှင့် ဝန်ထမ်းများအတွက် ဝင်ငွေခွန်ပေးဆောင်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ ၏ စီးပွားရေးလုပ်ငန်း အမျိုးအစားများပြင်ဆင်သတ်မှတ်ခြင်းတွင်ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုနိုင်သောလုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၃၄/၂၀၁၆ (၁၂-၉-၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၇။ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၆) ၂၅-၁၁-၂၀၁၆ မှ ခွင့်ပြုပြီးဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၈။ Pungkook Myanmar Limited မှ ဦးပိုင်အမှတ် - ၄၇+၂၃+၁၄/၂+၄၈ ၊ ကွင်းအမှတ်- ၆၂၀ (က)၊ မဲခုန်အနောက်ကွင်း၊ မဲခုန်ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ မြေဧရိယာ ၁၈.၄၉ ဧက (၇၄,၈၂၆.၄၄ စတုရန်းမီတာ)အား ငှားရမ်း၍ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
	Pungkook Myanmar Limited	(1) Mr. Bae Hio Man Managing Director Korean P.P No. 7504398	No.203, Dong 1501 HO (Olympic Family Town Apartment) Jung Daero 24 Songpagu, Seoul, Republic of Korea
		(2) Pungkook Corporation (Represented by) Mr. Lee Chung Won Director Korean P.P No. M 46103053	(Sangdaewon-dong) 3rd Floor, 53 Dunchon- daero 457 beon-gil, Jungwon-gu, Seongnam-City, Geonggi-do, Republic of Korea (Sangdaewon-dong) 3rd Floor, 53 Dunchon- daero 457 beon-gil, Jungwon- gu, Seongnam-City, Geonggi-do, Republic of Korea
		(3) Mr. Lee Sung Joon Director Myanmar P.P No. TM 0913822	(Hannam-Dong, Han Nam The Hill) 120-702, 111, Dokseodang-ro, Yongsan-gu, Seoul, Republic of Korea

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်	-	၀၉-၄၅၀၀၄၆၀၇၆
၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ	-	-
၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး	-	ဒေါ်ခင်ဝေမာမြင့်
၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း
၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ	-	-
၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ	-	-
၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ်	-	-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

စာအမှတ်၊ ၈ / ၁ - ၁၂ / ဦး ၈ (၂၅၄)
ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊သစ္စာလမ်း၊ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

M-1962
20.12.16

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၇.၉.၂၀၁၆) ရက်စွဲပါစာအမှတ်၊ မရက-၃ / န-၁၃၈၉ / ၂၀၁၆ (၁၂၈၉)

၁။ ကိုရီးယားသမ္မတနိုင်ငံ Pungkook Corporation မှ ၉၉.၉၉% နှင့်Mr. Lee Sung Joon မှ ၀.၀၁% ထည့်ဝင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pungkook Myanmar Limited တည်ထောင်ကာ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၀-က)၊ မဲခုန်အနောက်ကွင်း၊ ဦးပိုင် အမှတ်(၄၇၊ ၂၃၊ ၁၄/၂၊ ၄၈)၊ မြေဧရိယာ ၁၈.၄၉ ဧက (၇၄၈၂၆.၄၄စတုရန်းမီတာ)အား ငှားရမ်း၍ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းကို နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာမှုနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ **ရည်ညွှန်းပါစာဖြင့်** ညွှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားပြန်ကြားအပ်ပါသည်-

(က) အဆိုပြုမြေနေရာသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀.၈.၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၆ / ၃ - ၂ / ဦး ၆ အရ အထွေထွေစက်မှုလုပ်ငန်းမြေအဖြစ် ခွင့်ပြုထားသည့်မြေဖြစ်သောကြောင့် လက်ရှိ (သို့မဟုတ်) နောင်ပြုလုပ် မည့်မြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိပါကြောင်း၊

(ခ) အဆိုပြုမြေနေရာအတွင်း လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် မြို့နယ်ဒေသ အလုပ်အကိုင် အခွင့်အလမ်းများဖြစ်ပေါ်စေပြီး ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်ပါကြောင်း၊

(ဂ) ဖော်ပြပါမြေနေရာအား စက်ရုံအဖြစ်သုံးစွဲခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်မှုရှိပါကြောင်း၊

(ဃ) အဆိုပြုမြေနေရာသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀.၈.၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ဖ / ၃ - ၂ / ဦး ဖ အရ အထွေထွေစက်မှုလုပ်ငန်းမြေအဖြစ် ခွင့်ပြုထားသည့်မြေနေရာဖြစ်ခြင်းကြောင့်လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပါကြောင်း၊

၃။ သို့ဖြစ်ပါ၍ Pungkook Myanmar Limited မှ ပဲခူးမြို့နယ်၊ မဲခုန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(ဖ၂၀-က)၊ မဲခုန်အနောက်ကွင်း၊ ဦးပိုင် အမှတ်(၄၇၊ ၂၃၊ ၁၄/၂၊ ၄၈)၊ မြေဧရိယာ ၁၈.၄၉ ဧက(၇၄၈၂၆.၄၄စတုရန်းမီတာ)အား ငှားရမ်း၍ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန် မရှိပါကြောင်း တင်ပြအပ်ပါသည်။

(ဝင်းသိန်း)
ဝန်ကြီးချုပ်

မိတ္တူကို

ဝန်ကြီး၊ စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး
Pungkook Myanmar Limited
လက်ခံစာတွဲ
မျှောစာတွဲ

2016 HO 10

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄/အလ/ခွဲ(၂)၂၀၁၆(၁၀၇၉၁)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Pungkook Myanmar Limited မှ CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်း လုပ်ငန်း သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇-၉-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက- ၃/န-၁၃၈၉/၂၀၁၆(၁၂၉၀)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ မဲခုန်ကျေးရွာအုပ်စု၊ ပဲခုန်အနောက်ကွင်း၊ ကွင်းအမှတ်-၆၂၀(က)၊ ဦးပိုင်အမှတ်- ၄၇+၂၃+၁၄/၂+၄၈ ရှိ မြေဧရိယာ ၁၈.၄၉ ဧက (၇၄၈၂၆.၄၄ စတုရန်းမီတာ)အား ငှားရမ်း၍ ကိုရီးယားသမ္မတနိုင်ငံမှ Pungkook Corporation က ၉၉.၉၉% နှင့် Mr. Lee Sung Joon က ၀.၀၁% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Pungkook Myanmar Limited တည်ထောင်ကာ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနှင့် CMP စနစ်ဖြင့် အိတ်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် တင်ပြလာမှုအပေါ် ပဲခူးတိုင်းဒေသကြီး CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်အေးမွန်စိုးနှင့် အဖွဲ့ဝင်(၇)ဦးတို့သည် Pungkook Myanmar Limited မှ Deputy General Manager Mr. Shin Dong Jin ၊ ကိုယ်စားလှယ် ဒေါ်ခင်ဝေမာမြင့်တို့အား ၄-၁၀-၂၀၁၆ ရက်နေ့ (၁၄း၀၀)နာရီတွင် တွေ့ဆုံ၍ စက်ရုံဆောက်လုပ်မည့်မြေနေရာသို့ သွားရောက်စစ်ဆေးခဲ့ပါသည်။

၂။ Pungkook Myanmar Limited ၏ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှုကို စိစစ်ရာ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) **CMP ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိ/မရှိ**

ချုပ်လုပ်မည့် အိတ်အမျိုးအစား	**တစ်အိတ်လိုအပ်ချက် နှုန်းထား**	**ပုံမှန်လိုအပ်ချက်နှုန်းထားများ ကိုက်ညီမှုရှိ/မရှိ**
1. Outdoor	1.06 yds	ကိုက်ညီမှုရှိပါသည်။
2. Sport	1.28 yds	ကိုက်ညီမှုရှိပါသည်။
3. Luggage	0.82 yd	ကိုက်ညီမှုရှိပါသည်။
4. Handbag	0.72 yd	ကိုက်ညီမှုရှိပါသည်။
5. wallet	0.30 yd	ကိုက်ညီမှုရှိပါသည်။

ချုပ်လုပ်မည့် အိတ်အမျိုးအစား	အဆိုပြုထုတ်လုပ်မှု အရေအတွက်	တစ်အိတ်လိုအပ် ချက်နှုန်းထား	လိုအပ်မည့်ကုန်ကြမ်း အရေအတွက်
1. Outdoor	735000 pcs	1.06 yds	779100 yds
2. Sport	672000 pcs	1.28 yds	860160 yds
3. Luggage	147000 pcs	0.82 yd	120540 yds
4. Handbag	337500 pcs	0.72 yd	243000 yds
5. wallet	840000 pcs	0.30 yd	252000 yds

အဆိုပြုချက်ပါ တစ်နှစ်လုံးအတွက် တစ်အိတ်နှုန်းထား၏ အမှန်လိုအပ်ချက်မှာ 225480 yds ဖြစ်ပြီး အဆိုပြုချက်ပါ တစ်နှစ်အတွက် ကုန်ကြမ်းလိုအပ်ချက်မှာ 225480 yds ဖော်ပြထားသဖြင့် ကိုက်ညီမှုရှိပါသည်။

(ခ) CMPလက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ

ချုပ်လုပ်မည့် အိတ်အမျိုးအစား	အဆိုပြုချက်ပါ CMP လက်ခနှုန်းထား	လက်ရှိ CMP လက်ခနှုန်းထား ကိုက်ညီမှု ရှိ/မရှိ
1. Outdoor	2.03 US$	ကိုက်ညီမှုရှိပါသည်။
2. Sport	2.14 US$	ကိုက်ညီမှုရှိပါသည်။
3. Luggage	6.00 US$	ကိုက်ညီမှုရှိပါသည်။
4. Handbag	5.41 US$	ကိုက်ညီမှုရှိပါသည်။
5. wallet	2.16 US$	ကိုက်ညီမှုရှိပါသည်။

အဆိုပြုချက်ပါ CMP လက်ခနှုန်းထားများသည် အခြားအိတ်စက်ရုံများနှင့် နှိုင်းယှဉ်လျှင် သင့်လျော်မှုရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ

ချုပ်လုပ်မည့် အိတ်အမျိုးအစား	ကုန်ထုတ် စက်	တစ်ရက် ထုတ်လုပ်နိုင်မှု	တစ်နှစ်ထုတ်လုပ်မှု (၃၁၀) ရက်
1. Outdoor	3429	2371 pcs	735000 pcs
2. Sport		2168 pcs	672000 pcs
3. Luggage		474 pcs	147000 pcs
4. Handbag		1089 pcs	337500 pcs
5. wallet		2710 pcs	840000 pcs

အဆိုပြုချက်ပါ စက်အင်အား ၃၄၂၉ လုံး အသုံးပြု၍ လုပ်သားအင်အား ၃၄၅၃ ဦး အသုံးပြုမည်ဖြစ်၍ စက်အင်အားနှင့် လူအင်အား အချိုးအစားညီမျှမှုရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ Pungkook Myanmar Limited အား ခွင့်ပြုသင့်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(မောင်မောင်ကျော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)
(အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)

မိတ္တူကို

ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(ပဲခူးတိုင်းဒေသကြီး၊ CMP လုပ်ငန်းများမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)
Pungkook Myanmar Limited
ရုံးလက်ခံ
မျှောစာတွဲ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
MYANMAR ENGINEERING SOCIETY

Hlaing Universities' Campus, Hlaing Township, Yangon, Myanmar
Tel : 95-1-519673 ~ 76, Fax : 95-1-519681
E-mail:mes@mptmail.net.mm, Website: www.mes.org.mm

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊ မအသ / MIC / ၈၈၆၇ / ၂၀၁၆။
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ (၁၉) ရက်။

အကြောင်းအရာ။ ။ **Pungkook Myanmar Limited ၏ CMP စနစ်ဖြင့် အိတ်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် ကိစ္စ။**

ရည်ညွှန်းချက်။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇.၉.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက–၃/န–၁၃၈၉/ ၂၀၁၆ (၁၂၉၁)။

၁။ အထက်ဖော်ပြပါအကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ သက်ဆိုင်ရာ Pungkook Myanmar Limited မှ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်စွဲဖြင့် ဦးပိုင်အမှတ်–၄၇+၂၃+၁၄ / ၂+၄၈၊ကွင်းအမှတ်–၆ ၂၀(က)၊ မဲခုန်ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ ပဲခူးခရိုင်၊ပဲခူးတိုင်း ရှိ မြေဧရိယာ(၁၈.၄၉)ဧက ပေါ်တွင် CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆောက်အဦနှင့် ပတ်သက်သောပုံစံများနှင့် အသေးစိတ်ဇယားများကို လိုအပ်သော လမ်းညွှန်ချက်များပေးပါရန် တင်ပြခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ဖွဲ့စည်းထားသော MIC Projects Assessment Committee မှ ယင်းကိစ္စနှင့် ပတ်သက်၍ (၅.၁၀.၂၀၁၆)ရက်နေ့မှ (၁၅.၁၀.၂၀၁၆) ရက်နေ့အထိ လိုအပ်သော ပုံစံနှင့် BQ များတောင်းခဲ့ရပြီး (၂၅.၁၀.၂၀၁၆) ရက်နေ့အထိ အဆောက်အဦအတွက်အသုံးပြုမည့် ဆောက်လုပ်ရေးပစ္စည်းများကို စိစစ် သုံးသပ်ခဲ့ပါသည်။ (၂၆.၁၀.၂၀၁၆) တွင် ထောက်ခံတင်ပြသော အရေအတွက် အပေါ် ကုမ္ပဏီ ဘက် သို့ သဘောတူကြောင်း စာတောင်း ခံခဲ့ရာ ၊ (၃၁.၁၀.၂၀၁၆) နေ့တွင် ရရှိခဲ့ ပါသည်။

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတွင် ဖွဲ့စည်းထားသော MIC Projects Assessment Committee မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သဘောထားမှတ်ချက်ပေးနိုင်ရေး အတွက် Presentation ပြုလုပ်ရန်ဖိတ်ကြားချက်အရ Pungkook Myanmar Limited မှ တာဝန် ရှိသူများမှ (၁၇–၁၁–၂၀၁၆) ရက်နေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သို့ လာရောက်၍ စီမံကိန်း နှင့် ပတ်သတ်သော အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

၄။ အဆိုပါ Presentationသို့မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မှ MIC Projects Assessment Committee အဖွဲ့ဝင် များဖြစ်ကြသော ဥက္ကဋ္ဌ ဦးအောင်မြင့်၊ အတွင်းရေးမှူး ဦးကြည်လွင်၊အဖွဲ့ဝင် များဖြစ်ကြသော ဦးကျော်စန်ဝင်း၊ ဦးကိုကိုကြီး၊ ဦးခင်မောင်ဝင်း၊ ဦးခင်မောင်ဆယ်၊ ဦးခင်မောင်ဌေး၊ဦးခင်မောင်မောင်နှင့် ဦးစောထွေးဇော် တို့တက်ရောက်ခဲ့ကြပါသည်။

၅။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ MIC Projects Assessment Committee အနေဖြင့် ပဲခူးတိုင်းဒေသကြီး တွင် CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း တည်ဆောက်မှုတွင် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရန်နှင့် စံချိန်စံညွှန်းမီ တည်ဆောက်ရေးပစ္စည်းများ အသုံးပြု၍ တည်ဆောက်ပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

၆။ အဆောက်အဦပိုင်းတွင် အဓိကဆောက်လုပ်ရေးပစ္စည်းဖြစ်သော ဘိလပ်မြေ၊သံချောင်းနှင့် သုတ်ဆေးများ ကို ပြည်ပမှ တင်သွင်းခြင်းမပြုဘဲ ပြည်တွင်းမှသာ ဝယ်ယူ၍ ဆောက်လုပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

၇။ အဆောက်အဦပိုင်းတွင် ပြည်ပမှတင်သွင်းမည့် အောက်ဖော်ပြပါ ဆောက်လုပ်ရေးပစ္စည်းများနှင့် အရေအတွက်ကို ထောက်ခံတင်ပြအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	MIC စာအုပ်ပါ အရေအတွက်	BQ တွင်ပါဝင်သော အရေအတွက်	ထောက်ခံတင်ပြသော အရေအတွက်
၁။	Structural Steel	၁၇၇၀ T	၁၇၇၀ T	၁၅၉၀ T
၂။	Ventilation Fan	၆၀ Units	၆၀ Units	၅၀ Units

T = တန် , Unit = ခုရေ

မှတ်ချက်။ ။(၁) ယခုတင်ပြသော စီမံကိန်းစိစစ်ရာတွင် တင်ပြသောပုံစံဒီဇိုင်းများသည် အမှန်တကယ်အသေးစိတ် တည်ဆောက်မည့် ပုံစံဒီဇိုင်းများနှင့် ကွဲလွဲမှုရှိမည်ဆိုပါက ယခုတွက်ချက်ထားသောပစ္စည်းအရေအတွက်များမှာ အမှန်တကယ်သုံးစွဲမည့်အရေအတွက်နှင့် ကွာခြားနိုင်ပါသည်။ သို့အတွက် လိုအပ်ပါက Detail Drawings မှ တွက်ချက်ထားသော Detail Estimate ရရှိပြီးသည့်အခါတွင် ပြန်လည်စိစစ်မှုများဆောင်ရွက်ရန် လိုအပ်ပါသည်။ (Subject to Check)

(၂) သက်ဆိုင်ရာမီးသတ်ဦးစီးဌာနမှချမှတ်ထားသော လမ်းညွှန်ချက်များအတိုင်းလိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဥက္ကဋ္ဌ(ကိုယ်စား)
(ကြည်လွင်၊အတွင်းရေးမှူး)
M.I.C Project Assessment Committee
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

မိတ္တူကို - Managing Director, Pungkook Myanmar Limited
- ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- အတွင်းရေးမှူး၊ MIC Projects Assessment Committee
- ရုံးလက်ခံ / မျှောစာတွဲ

M-၁၆၀၁
7/10

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

ရင်းနှီးမြှုပ်နှံမှုဥ္စာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/ MIC(OSS) /၀၁(၂၃၃/၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Pungkook Myanmar Limited မှ CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၆-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက-၃/ န-၁၃၈၉/ ၂၀၁၆(၁၂၈၅-က)

၁။ ကိုရီးယားသမ္မတနိုင်ငံ Pungkook Corporation မှ ၉၉.၉၉% နှင့် Mr. Lee Sung Joon မှ ၀.၀၁ % ထည့်ဝင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Pungkook Myanmar Limited တည်ထောင်ကာ ဦးပိုင်အမှတ်-၄၇+၂၃+၁၄/၂+၄၈၊ ကွင်းအမှတ်-၆၂၀(က)၊ မဲခုန်အနောက်ကွင်း၊မဲခုန်ကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်၊ပဲခူးခရိုင်၊ ပဲခူးတိုင်းဒေသကြီး ရှိ မြေဧရိယာ ၁၈.၄၉ ဧက (၇၄,၈၂၆.၄၄ စတုရန်းမီတာ) အား ငှားရမ်း၍ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စီစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ် (၃၀)နှင့် (၁၀) နှစ်သက်တမ်းတိုး (၂) ကြိမ် ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ (၂) နှစ် ဖြစ်ကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးအန္တရာယ်ကာကွယ်ရေး အစီအမံများကို လည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့်အသားတင်အမြတ်ငွေ၏ (၂%)ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ စီမံကိန်းဧရိယာအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး

ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး၊ စက်ရုံဧရိယာအတွင်းသစ်ပင်ပန်းမန်များအားစိမ်းလန်းစိုပြေအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ Pungkook Myanmar Limited မှ အိတ်အမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများသည်ဆွေးမြေ့ပျက်စီးရန်အချိန်ကြာမြင့်ပြီး မြေဆီလွှာထိခိုက်ပျက်စီးခြင်း၊ ပုံစံဖြတ်ခြင်း၊ ပိတ်စညှပ်ခြင်းလုပ်ငန်းအဆင့်များတွင် ထွက်ရှိလာမည့်ဖြတ်စ၊ ညှပ်စ၊ အမှုန်အမွှားများကြောင့် လေထုနှင့်မြေထုညစ်ညမ်းခြင်း၊ လုပ်ငန်းတစ်ခုလုံး၏ အဆင့်တိုင်းတွင် စက်များကို အသုံးပြုဆောင်ရွက်ရမည်ဖြစ်သဖြင့် အသံဆူညံခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Pungkook Myanmar Limited မှ CMP စနစ်ဖြင့် အိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအားဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

